KAREN RIVERS WATCH

# မြစ်ချောင်းများအခွင့်အရေးအတွက် နိုင်ငံတကာလှုပ်ရှားမှုနေ့တွင် ကရင်မြစ်ချောင်းများ စောင့်ကြည့်ရေးကွန်ယက်အဖွဲ့မှ သဘောထားထုတ်ပြန်ချက်

## မတ်လ ၁၄ရက်၊ ၂၀၂၁ ခုနှစ်

အကြီးစားရေကာတာများ သည် ပဋိပက္ခဖြစ်ပွားစေရန် တွန်းပို့နေပြီး ပြည်သူလူထုများ၏ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှု စွမ်းအားကို ယုတ်လျော့စေခြင်း။

ယနေ့တွင် ကြီးကျယ်ခမ်းနားသော သံလွင်မြစ်ကမ်းပါး ပေါ်တွင် ထိုမြစ်အား လေးစားဂုဏ်ပြုရန်၊ ကျွန်ုပ်တို့ ကရင် လူမျိုးများ၏ အသက်သွေးကြောအား လွတ်လပ်စွာ စီးဆင်းစေရန်၊ နှင့် ကျွန်ုပ် တို့ မြစ်များပေါ်တွင် အကြီးစား ရေကာတာများ ဆောက်လုပ်ရေး အဆိုပြုချက်များအားလုံးကို လုံးဝ ဖျက်သိမ်းနိုင်ရေး တောင်းဆိုရန်အတွက် ကျွန်ုပ်တို့သည် သံလွင်မြစ်ကမ်းရှိ အိတုထဒေသတွင် အတူတကွ စုစည်းကြပြီး အောက်ဖော်ပြပါ သဘောထားများကို ထုတ်ပြန် ကြေငြာပါသည်။

၁။ ကျွန်ုပ်တို့သည် ဖေဖော်ဝါရီ (၁) ရက်နေ့မှ စတင်ပြီး မင်းအောင်လှိုင် ဦးဆောင်သည့် စစ်သွေးကြွ အကြမ်းဖတ် ဖက်ဆစ်စနစ်စစ်အာဏာရှင်အုပ်စု၏ ပြည်သူ့ထံမှ အာဏာလုယူခြင်းအပေါ် ပြင်းထန်စွာ ကန့်ကွက်သည်။ ထို့ပြင် စစ်သွေးကြွ များ၏ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီ တောင်းဆိုသည့် သပိတ်မှောက် ပြည်သူများအပေါ် မတရားဖမ်းဆီးခြင်း၊ ပြည်သူ့ စည်းစိမ်များအားအတင်းအဓမ လုယူခြင်းနှင့် ဖျက်ဆီးခြင်း ၊ ဖမ်းဆီးခံပြည်သူများအပေါ် ညှင်းပမ်းနှိပ်စက်ခြင်း ၊ ဥပဒေမဲ့ ရက်စက်စွာ မတရားသတ်ဖြတ်ခြင်း ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖတ်စော်ကားခြင်း နှင့် တိုင်းရင်းသားနယ်မြေများ အပေါ်တွင် အကြောင်းအမျိုးမျိုးပြပြီး စစ်ရေးအရ ကျူးကျော်ခြင်းတို့အား စစ်ရာစဝတ်ကျူးလွန်သူ ဖြစ်သည်ဟု ကျန်ုပ်တို့ မှ ယုံကြည်မှတ်ယူပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာသောနိုင်ငံတကာမှ အမြန်ဆုံးအရေးယူပေးပါရန် အလေးအနက်တောင်းဆိုလိုက်ပါသည်။

၂။ ကျန်ုပ်တို့ သည် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အား ပြည်သူများ၏ အခွင့်အာဏာကို ယုံကြည်စွာ အပ်နှင်းခံရသူများအဖြစ် အသိအမှတ်ပြုပါသည်။ ပြည်သူမှ အပ်နှင်းသောအာဏာအား လေးစားတန်ဖိုးထားပြီး တိုင်းရင်းသားပြည်သူများ၏ လိုလားသော ဖယ်ဒရယ်ဒီမိုကရေစီကို လက်တွေ့ကျကျ တိုင်းရင်းသားတော်လှန်ရေးအစိုးရများ နှင့် ပူးပေါင်းပြီး ကြားဖြတ်အစိုးရတစ်ရပ်ကို အမြန်ဆုံးထူထောင်ကာ နိုင်ငံတကာ၏ အသိအမှတ်ပြုမှုနှင့် ပူးပေါင်း

ချိတ်ဆက်မှ အခွင့်အရေးအား တွေ့ဝေကာ ချီတုန်ချတုန်နှင့် တုံ့ဆိုင်းမနေဘဲ လုပ်ငန်းစဉ်များကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်လာစေရန် တိုက်တွန်းနိုးဆော်လိုက်ပါသည်။

၃။ စစ်သွေးကြွ မင်းအောင်လှိုင်ဦးဆောင်ပြီး ပြည်သူများ၏ ထောက်ခံချက်မပါဘဲ ဖွဲ့စည်းလိုက်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟု အမည်တပ်ထားသော စစ်အုပ်စုတစ်စုမှ မြန်မာ့အလင်းသတင်းစာတွင် ထုတ်ပြန်သည့် လျှပ်စစ်စွမ်းအင်အားဆည်များမှ ရယူမည်ဟုဆိုသော လျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်သည်၊ နိုင်ငံ၏ ရည်ရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝလုံခြုံရေး၊ ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်ကျင်ထိခိုက်မှု နှင့် ရာသီဥတု ပြောင်းလဲမှုအပေါ်တွင် များစွာ ဆိုးကျိုး ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့်အဆိုပါ မြစ်ဆုံအပါအဝင် သံလွင်မြစ်ပေါ်နှင့် မြန်မာနိုင်ငံတစ်ဝှမ်း တည်ဆောက်ဆဲ နှင့်စီမံချမှတ်ထားသော အကြီးစားရေကာတာ စီမံကိန်းလုပ်ရပ်အားလုံး ရပ်ဆိုင်းရန် နှင့်၊ ထောက်ခံအားပေးပါဝင်သည့် ရင်းနှီးမြှုပ်နှံသူကုမဏီများ၊ နိုင်ငံများ၊ ပညာရှင်များအား ပြင်းထန်စွာ သပိတ်မှောက် အရေးယူမည် ဖြစ်ကြောင်း အသိပေး ကြေငြာသည်။ ထိုပြင် ဆည်တည်ဆောက် ခြင်းတွင် ပါဝင်သည့် အထက်ဖော်ပြပါ ပါဝင်ပတ်သပ်သူများအား လူ့အခွင့်အရေးနှင့် စစ်ရာဇဝတ်အား ဆက်လက် ဖြစ်ပေါ်စေရန် အားပေးအားမြောက်သော စစ်ရာဇဝတ် အပေါင်းအဖော်အဖြစ် မှတ်ယူပြီး နိုင်ငံတကာအမည်ပျက်စာရင်းတွင် ပါဝင်စေရန် ကျနိုပ်တို့မှ အစဉ်တစ်စိုက် အားထုတ်ကြိုးပမ်း သွားမည်ဖြစ်သည်။

၄။ လျှပ်စစ်စွမ်းအားထုတ်လုပ်ရာတွင် အကြီးစားဆည်များနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးဝါးစွာထိခိုက်စေသည့် ရုပ်ကြွင်းလောင်စာ သုံးစွဲမှုအား လုံးဝရပ်တန့်ရန် နိုင်ငံတကာမှ ပြောင်းလဲနေသည့် စွမ်းအင် အပြောင်းအလဲရေစီးကြောင်းအရ ပြည့်မြဲစွမ်းအင်ကို သာ သုံးစွဲရန် နှင့် ဖယ်ဒရယ် ကို အခြေခံသည့် ဗဟိုထိန်းချုပ်မှု မရှိဘဲ ပြည်သူ့ အခြေပြု စွမ်းအင်စီမံအုပ်ချုပ်မှု မူဝါဒအကောင်အထည်ဖော်ဆောင်မှုများအား ပံ့ပိုးကူညီရန်။ နိုင်ငံတကာ အဖွဲ့အစည်းများအား လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အစိုးရများအားလည်းကောင်း ၊ ရင်းနှီးမြှုပ်နှံသူများအား လည်းကောင်း နှင့် CRPH ထံသို့ ကူညီပြီး အစိမ်းရောင်စွမ်းအင် အကောင်အထည် ဖော်ဆောင်ရန်။ ယနေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများပေါ်တွင် ဆည်များအား ကန့်ကွက်သည့် လုပ်ရှားမှုနေ့တွင် ကရင်မြစ်ချောင်းစောင့်ကြည့်ရေး၊ ဒေသခံပြည်သူလူထုများ နှင့် သဘာဝပတ်ဝန်းကျင်နှင့် မြစ်ချောင်းများကို ကာကွယ်သော အရပ်ဖက်လူမှုအဖွဲ့များမှ တောင်းဆိုလိုက်ပါသည်။

**ဆက်သွယ်ရန် -**


နော်သဲနေ +၆၆ (၀)၈၉၂၆၆၈၅၇၃

စောသာဘိုး + ၉၅၉ ၇၈၂၆၃၉၇၁၄ ( whatsapp and Signal)